# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ

သတင်းထုတ်ပြန်ချက် ( ၂ / ၂၀၂၁)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေး လုပ်ငန်းများအား ချေးငွေ သက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) ဖြင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ပေးခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့မှ စတင်ထုတ်ပေးခဲ့ပြီး ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ရယူထားသူများအနေဖြင့် ချေးငွေ ပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်း တစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်ပေးပါကြောင်း သတင်းထုတ်ပြန် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေရရှိသူများသည် မူလချေးငွေ သက်တမ်း တစ်နှစ်နှင့် ထပ်မံခွင့်ပြုထားသည့် (၆) လ ကာလမှာ အောက်တိုဘာလတွင် စတင်၍ ချေးငွေသက်တမ်းကာလ ထပ်မံပြည့်မြောက်တော့မည်ဖြစ်ပါသည်။ ယခုအခါ ကိုဗစ်-၁၉ တတိယလှိုင်း သက်ရောက်မှုကြောင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် ပြန်လည်ပေးဆပ်ရန် အခက်အခဲများရှိနေသဖြင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေ ချောမွေ့စေရေးအတွက် ချေးငွေ ပြန်လည်ပေးဆပ်ရမည့် ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့် နေ့မှစ၍ နောက်ထပ် (၆) လ ထပ်မံ သက်တမ်း တိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၃။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်း (၁) နှစ် (၆) လ စေ့ရောက်သည့်နေ့မှစ၍ ဒုတိယအကြိမ် အဖြစ် နောက်ထပ် (၆) လ ထပ်မံ သက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**